# NEWS LETTER SEPT 2026

## ArtFund

School Holiday Art Classes
CFK Summer Studio Workshop

## Art Platform

TASTE Session 03
Skirting The Issue
Sai Thet Htwe's 2nd Solo Exhibition.
Moments to Memories

+959897705377. comingfromkalaw@gmail.com
No. 50. Nawarat Road. 3rd Quarter. East Bogyone.
Kalaw. Shan State

Issue 22

# TASTE Session 03

## What happens when a chef and an artist work together?

We recently wrapped up the third session of TASTE at ECHO Dining, a shared experience where food and art moved at the same pace. This wasn't just a menu it was a rhythmic collaboration.

**Chef Orng** explored artist **Ko Khin Zaw Latt's** childhood memories, the stories behind his paintings, his thoughts and perspectives, and his creative process. Drawing inspiration from these elements, Chef Orng transformed them into exciting culinary creations and an immersive experience, highlighting the connection between taste and art.

A heartfelt thank you to those who joined us to sit, taste, and observe. You helped us prove that art is best experienced when all the senses are listening.



## Taste Session 03 အောင်မြင်စွာပြီးဆုံးခြင်း

စားဖိုမှူးတစ်ယောက်နဲ့ အနုပညာရှင်တစ်ယောက်ပူးပေါင်းလိုက်တဲ့အခါ ဘာတွေဖြစ်လာမလဲ?

ECHO Dining မှာကျင်းပခဲ့တဲ့ ကျွန်မတို့ရဲ့ Taste Session 03 ဟာ အောင်မြင်စွာ ပြီးဆုံးသွားခဲ့ပါပြီ။ ဒါဟာဟင်းလျာတွေကို မြည်းစမ်းရုံတင်မကဘဲ အစားအစာနဲ့ အနုပညာကို တစ်ပြိုင်တည်း ခံစားသိရှိနိုင်ခဲ့တဲ့ အတွေ့အကြုံတစ်ခုဖြစ်ပါတယ်။

အနုပညာရှင် ကိုခင်ဇော်လတ်ရဲ့ ငယ်ဘဝ အမှတ်တရ တွေ၊ ပန်းချီလက်ရာတွေနောက်ကွယ်က အကြောင်းရာတွေ၊ သူ့ရဲ့ အတွေးအမြင်တွေနဲ့ ဖန်တီးမှုဖြစ်စဉ်တွေကို လေ့လာပြီး အဲ့ဒီအကြောင်းအရာတွေကနေ Chef Orng က စိတ်လှုပ်ရှားစရာကောင်းတဲ့ ဟင်းပွဲတွေ အဖြစ်၊ အတွေ့အကြုံတစ်ခုအဖြစ် ဖန်တီးခဲ့ပြီး အရသာနဲ့ အနုပညာကြားက ဆက်နွယ်နေမှုကို ဖော်ပြပေးခဲ့ပါတယ်။

အနုပညာကို အာရုံငါးပါးလုံးနဲ့ အတူတူ ခံစားပေးခဲ့ကြသူ တစ်ဦးတစ်ယောက်ချင်းစီကို ကျေးဇူးအထူးတင်ရှိပါတယ်။

# 03

# TASTE







# Skirting The Issue



Set against Kalaw's peaceful weather, some paintings from Artist Htein Lin's 'Skirting the Issue' series are back on display at ComingFromKalaw_Art Space from July 10 to August 30. In addition to paintings created on traditional longyi fabrics, inspired by the beliefs and traditions of the Myanmar people, a sculpture was also displayed. The exhibition attracted a large number of visitors.

This famous series was successfully shown in 2019 at Chancery Lane Gallery in Hong Kong, River Gallery in Yangon, and Shinwa Gallery in Tokyo.



မိုးတွင်းကာလ ကျွန်မတို့ ComingFromKalaw_Art Space မှာ ပန်းချီဦးထိန်လင်းရဲ့ "Skirting the Issue" စီးရီးမှ ပန်းချီကားတစ်ချို့ ကို ဇူလိုင် ၁၀ ရက်ကနေ ဩဂုတ် ၃၀ ရက်နေ့အထိ ပြန်လည်ပြသထားခဲ့ပါတယ်။ မြန်မာလူမျိုးတို့ရဲ့ ယုံကြည်မှု အယူဝါဒကို အခြေခံထားတဲ့ လုံချည်တွေ ပေါ်မှာဖန်တီးထားတဲ့ ပန်းချီကားတွေအပြင် ပန်းပုတစ်ခုလည်း ပြသထားခဲ့ပြီး လာရောက်ကြည့်ရှုသူများပြားခဲ့ပါတယ်။

ဒီ "Skirting the Issue" စီးရီးဟာ ၂၀၁၉ ခုနှစ်တုန်းက ဟောင်ကောင် (Chancery Lane Gallery)၊ ရန်ကုန် (River Gallery) နဲ့ တိုကျို (Shinwa Gallery) တို့မှာ အောင်မြင်စွာ ပြသခဲ့ဖူးတဲ့ ပန်းချီဦးထိန်လင်းရဲ့ ထင်ရှားလှတဲ့ စီးရီးများစွာထဲမှ တစ်ခုပဲ ဖြစ်ပါတယ်။

# Sai Thet Htwe's Second Solo Exhibition

## စိုင်းသက်ထွေး၏ ဒုတိယအကြိမ်မြောက်တစ်ကိုယ်တော်ပြပွဲ

Shan State-based artist Sai Thet Htwe presents his second solo exhibition. "Moments to Memories."

ရှမ်းတောင်မှ ပန်းချီဆရာစိုင်းသက်ထွေးရဲ့ ဒုတိယမြောက် တစ်ကိုယ်တော်ပြပွဲ။





The exhibition officially opened on September 19, 2026, at ComingFromKalaw_Art Space. Through this body of work, Sai Thet Htwe explores how moments once captured in photographs can gradually transform into meaningful memories and visual experiences. The paintings reflect scenes and moments from the past, reimagined through the artist's perspective and transformed from photographic memories into painted landscapes and images.

၂၀၂၆ ခုနှစ် စက်တင်ဘာလ (၁၉) ရက်နေ့ ComingFromKalaw_Art Space မှာ ပန်းချီဆရာ စိုင်းသက်ထွေးရဲ့ အမှတ်တရ မှ အမှတ်တမဲ့သို့ ပြပွဲကိုစတင်ဖွင့်လှစ်ခဲ့တာဖြစ်ပါတယ်။ ဓာတ်ပုံတွေအဖြစ်ရှိခဲ့တဲ့ အချိန်ကာလတွေက အမှတ်တရဖြစ်ရတဲ့ မြင်ကွင်းတွေ အဖြစ်ပြောင်းလဲသွားပုံကို ဖော်ပြထားတဲ့ ပန်းချီကားတွေကိုတော့ စက်တင်ဘာလ (၁၉) ရက်နေ့ကနေ အောက်တိုဘာလ (၂၃) ရက်နေ့အထိ ComingFromKalaw_Art Space မှာပြသထားမှာ ဖြစ်ပါတယ်။





# CFK_ArtFund

School Holiday Art Classes
CFK Summer Studio Workshop

# School Holiday Art Classes
# ကျောင်းပိတ်ရက် စိတ်အပန်းဖြေ အနုပညာသင်တန်းများ









For children who are busy with their schoolwork, we have been offering the following art classes during the school holidays since July 4, providing them with an opportunity to relax, unwind, and enjoy their time without adding to their academic workload.

Basic Art Class:
This class is designed for children aged 7 to 14 who want to learn the fundamentals of art and painting in a structured way.

Pencil Sketching Class – Level 2:
This class is designed for children and young people who have completed the Basic Pencil Sketching Class (Level 1), helping them further develop and advance their artistic skills.

This is the only space supported by our Art Fund.

ကျောင်းစာများဖြင့် မအားမလပ်ဖြစ်နေသည့် ကလေးငယ်များအတွက် အချိန်မပိစေဘဲ ကျောင်းပိတ်ရက်များတွင် စိတ်အပန်းပြေစေရန် အောက်ပါ အနုပညာသင်တန်းများကို ဇူလိုင်လ ၄ရက်နေ့မှစ၍ ယခုအချိန်အထိ ဆက်လက်ဖွင့်လှစ် ပေးနေပါတယ်။

အခြေခံပန်းချီသင်တန်း (Basic Art Class): အသက် (၇) နှစ်မှ (၁၄) နှစ်အထိ ပန်းချီအခြေခံကို စနစ်တကျ သင်ယူလိုသည့် ကလေးများအတွက်သင်ကြားပေးလျက်ရှိပါတယ်။

ခဲပန်းချီသင်တန်း - ဒုတိယအဆင့် (Pencil Sketching Class - Level 2): ခဲပန်းချီအခြေခံ (Level 1) တက်ရောက်ပြီးသူများ၏ အနုပညာစွမ်းရည်ကို နောက်တစ်ဆင့် မြှင့်တင်ပေးမည့် အတန်းကိုကလေးနှင့်လူငယ်များ အတွက် သင်ကြားပေးလျက်ရှိပါတယ်။

ဒါက ကျွန်မတို့ရဲ့ အနုပညာရန်ပုံငွေကရတဲ့ တစ်ခုတည်းသောနေရာဖြစ်ပါတယ်။

You can watch the documentary videos filmed by the students at the CFK Summer Studio Workshop on the CFK_Art Fund Facebook page.

CFK Summer Studio Workshop မှာ သင်တန်းသားတွေရိုက်ကူးထားတဲ့ Documentary video တွေကို CFK_Art Fund Facebook page မှာဝင်ရောက်ကြည့်ရှုနိုင်ပါတယ်။



One photograph, A lifetime




Coffee, Haircuts, and Painting
ကော်ဖီ၊ ဆံသ ၊ပန်းချီ



Family Basket
မိသားစုခြင်းတောင်း





## Family Basket

“Family Basket” is a story documenting the life of a family in Aungban who have carried on the traditional craft of basket weaving through generations. Despite facing challenges caused by difficulties in transportation and the decline of tourism, the family continues to preserve this traditional craft and strives to pass it down to future generations.

## မိသားစု ခြင်းတောင်း

“မိသားစု ခြင်းတောင်း” ဟာ အောင်ပန်းမြို့မှာ မျိုးဆက်အလိုက် ရိုးရာခြင်းတောင်းယက်လုပ်ငန်းကို လက်ဆင့်ကမ်းလုပ်ကိုင်လာတဲ့ မိသားစုတစ်စုရဲ့ ဘဝနဲ့ ရိုးရာလက်မှုပညာကို မှတ်တမ်းတင်ထားတဲ့ ဇာတ်လမ်းလေးတစ်ပုဒ်ဖြစ်ပါတယ်။ လမ်းပန်းဆက်သွယ်ရေးအခက်အခဲနဲ့ ခရီးသွားလုပ်ငန်းကျဆင်းမှုတွေကြောင့် စိန်ခေါ်မှုများရှိနေပေမယ့် မိသားစုက ဒီရိုးရာလုပ်ငန်းကို ဆက်လက်ထိန်းသိမ်းပြီး နောင်မျိုးဆက်တွေဆီ လက်ဆင့်ကမ်းသွားဖို့ ကြိုးပမ်းနေကြပါတယ်။




## Coffee, Haircut, Painting

“Coffee, Haircut, Painting” is a story about a painter in Kalaw who runs both a coffee shop and a barbershop. Painter Kyaw Myo Han visited and explored the life and story of this artist.

Having faced the bitterness of life, much like the bitterness of coffee, he continues to rebuild and restore himself, just as a barber renews and transforms one’s appearance. He spends his life painting alone and in solitude, finding his own way to continue living through art.

## ကော်ဖီ၊ ဆံသ၊ ပန်းချီ

ကလောမြို့မှာ ကော်ဖီဆိုင်နဲ့ ဆံသဆိုင် တွဲဖွင့်ထားတဲ့ပန်းချီဆရာ တစ်ယောက်ရဲ့ အကြောင်းကို ပန်းချီဆရာ ကျော်မျိုးဟန်မှ သွားရောက်လေ့လာခဲ့ပါတယ်။ ကော်ဖီလို ခါးသီးမှုတွေနဲ့ရင်ဆိုင်ခဲ့ရပြီး ဆံသ လိုအသစ် ပြန်လည်ပြုပြင်ပြီး ပန်းချီကို အထီးကျန်စွာတစ်ယောက်တည်းရေးဆွဲပြီး ဘဝကိုဖြတ်သန်းနေတဲ့ ပန်းချီဆရာတစ်ယောက်အကြောင်းဖြစ်ပါတယ်














## One Photograph, A Lifetime

"One Photograph, A Lifetime" is a story documenting the lifelong journey of a couple in their seventies, whose story began with a single photograph. It portrays the care, understanding, and quiet, enduring love that continue to exist within their simple everyday life together.

ဓာတ်ပုံတစ်ပုံကနေ စတင်ခဲ့တဲ့ အသက် ၇၀ ကျော် ဇနီးမောင်နှံနှစ်ဦးရဲ့ တစ်ဘဝတာ အတူလက်တွဲဖြတ်သန်းလာခဲ့တဲ့ ခရီးလမ်းကို မှတ်တမ်းတင်ထားတဲ့ ဇာတ်လမ်းဖြစ်ပါတယ်။ သူတို့ရဲ့ ရိုးရှင်းတဲ့နေ့စဉ်ဘဝထဲက ဂရုစိုက်မှု၊ နားလည်မှုနဲ့ တိတ်တဆိတ်ရှင်သန်နေဆဲ ချစ်ခြင်းမေတ္တာကို ပုံဖော်ထားပါတယ်။